# အုတ်ပုံကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉–၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုတ်ပုံကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉–ခုနှစ်၊ မတ်လ

# မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| အုတ်ပုံကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် | | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၈ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၉ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၂ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၃ |

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၇

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၉

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၆

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၆၈

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၇၁

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉–၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဆတ်လှ ကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် သရက် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်

ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက် များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက် များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၂၀-ခုနှစ်


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုတ်ပုံကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ မြောက်ကျွတ်ကျေးရွာအုပ်စု၊

## အုတ်ပုံကျေးရွာ၏ ကျေးရွာနှင့် သယံဇာတပြမြေပုံ



## ၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ မြောက်ကျွတ်ကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာသည် သရက်မြို့နှင့် (၃၀)မိုင်ခန့် အကွာတွင်တည်ရှိပြီး မိုးတွင်းကာလတွင် သရက်မြို့နှင့် ဆက်သွယ်သွားလာရေး အနည်းငယ် ခက်ခဲပါသည်။ ရွာမကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာများမှာ ရွာ၏အနောက်တောင်ဘက်တွင် လျှော်တောင်ကျေးရွာ၊ အရှေ့ဘက်တွင် မကျီးပင်ကျေးရွာ ၊ မြောက်ဘက်တွင် ပုဏ္ဏားကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပြီး တောင်ဘက်တွင် မင်းတုန်းချောင်း တည်ရှိပါသည်။ ကျေးရွာသည် ချောင်းဘေးတွင်ရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းတို့ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အဓိကအားထားရာ ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး တခါတရံ မိုးနည်းပြီး၊ တခါတရံ မိုးများသဖြင့် ရာသီဥတု မမှန်သော အနေအထား ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၂၆၂.၅)ဧက၊ ယာမြေ (၁၁၂.၂၅)ဧက၊ ဥယျာဉ်ခြံမြေ(၄၇)ဧကနှင့် ကိုင်း/ကျွန်းမြေ (၁၅၀)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၅၇၁.၇၅)ဧက ပိုင်ဆိုင်ကြောင်းတွေ့ရှိရပါသည်။ တောင်သူ အိမ်ထောင်စု တစ်စုလျှင် ပျမ်းမျှ (၃.၅)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

အုတ်ပုံကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမထွက်ရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်နှင့် သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက် ဝင်အပင်များ) အနည်းငယ် ထွက်ရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများ သာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် ကျောင်းအကျိုး တော်ဆောင်အဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့ တို့ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေ လူကြီး/လူငယ်၊ အမျိုးသား/ အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်း ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူ များဖြစ်ပြီး စိုက်ပျိုးမြေ(၁၂)ဧကအထက်ပိုင်ဆိုင်သူ အိမ်ထောင်စု(၁၀)စု၊ စိုက်ပျိုးမြေ (၅)ဧက မှ(၁၂.၅) ဧကကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၃၈)စု၊ (၁)ဧကနှင့်အထက် အလယ်အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၁၀၈)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ် လက်စား အိမ်ထောင်စု (၇၆)စု ရှိကြောင်း တွေ့ရှိရပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ မြေပဲတို့ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ (၁)

ကောလျှင် အနည်းဆုံး (၃)တင်း၊ အများဆုံး (၁၂)တင်းနှင့် ပျမ်းမျှ (၅)တင်း ထွက်ရှိပါသည်။ မြေပဲ(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၃၅၀)ပိဿာ၊ အများဆုံး (၅၀၀)ပိဿာနှင့် ပျမ်းမျှ (၄၀၀)ပိဿာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃၈)တင်း၊ အများဆုံး (၈၀)တင်းနှင့် ပျမ်းမျှ (၆၀)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ် အနေဖြင့် အသင့်အတင့်ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေ ဩဇာ၊ ပိုးသတ်ဆေး၊ အပင် အားတိုးဆေးစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာ မကောင်းသဖြင့် အထွက်နှုန်း နည်းပါးပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃၁)စု ရှိပြီး ဝက် အကောင်ရေ (၃၉)ကောင်၊ ကြက်မွေးမြူ ရေးလုပ်ကိုင်သူအိမ်ထောင်စု (၂၃၂)စု ရှိပြီး ကြက် ကောင်ရေ (၁၇၈၅)ကောင်နှင့် နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၁၆၉)စုရှိပြီး နွား အကောင်ရေ (၃၃၈)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၆၅%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြ ပြီး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ (၁%) နှင့် နေ့စား/ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု (၃၂%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် ပညာရေးဌာန/ ကျန်းမာရေးဌာန/ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများအဖြစ် ကားများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ကြပြီး အိမ်ထောင်စု၏ (၂%)မှာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ သွားရောက် အလုပ်လုပ်ကိုင်ကြကြောင်း သိရှိရပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ ငွေလွှဲ/ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက သရက်မြို့နှင့် ကံမမြို့ တို့ရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ သွားရောက်၍ ငွေလွှဲ/ငွေပို့ခြင်း များ ဆောင်ရွက်ကြရပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့နှင့် ပြည်မြို့တို့သို့ ကားဖြင့် သယ်ယူ ပို့ဆောင်ခြင်းဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး ကျေးရွာတွင်း လမ်းနှင့် ချင်းကပ်လမ်းများ အားလုံးမှာ မြေသားလမ်းများ ဖြစ်သဖြင့် မိုးရာသီတွင် သွားရေး လာရေး ခက်ခဲမှုများ ကြုံတွေ့ကြရပါသည်။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စု များ၏ သယ်ယူ ပို့ဆောင်ရေးယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် စက်ဘီး(၈၈)စီး၊ ဆိုင်ကယ် (၁၄၃)စီး၊ ကား(၃)စီး၊ ထော်လာဂျီ (၂)စီး နှင့် နွားလှည်း (၈၄)စီး ပိုင်ဆိုင်ကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၂၃၂)စုအနက် (၃၀)အိမ်မှာ ကိုယ်ပိုင် ဆိုလာမီး သုံးစွဲကြပြီး ကျေးရွာဘုံ အင်ဂျင်မီးစက်မှ သုံးစွဲသူ အိမ်ထောင်စု (၁၅၀)စုရှိပါသည်။ အခြားအိမ်ထောင်စုများမှာ ဖယောင်းတိုင်မီးအသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၈၅) လုံး၊ ရေဒီယို (၁၂၈)လုံး၊ တီဗွီ (၁၀၉)လုံးနှင့် ဂြိုလ်တုစလောင်း (၁၁၁)ခု ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ပါသည်။

**၆။ ပညာရေး**

ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိပြီး

အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာ တွင် အခြေခံပညာရေးကို ရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် တက်ရောက် သင်ယူနိုင်ပါ သည်။

ကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူဦးရေမှာ မူလတန်းတွင် (၄၅)ဦး၊ အလယ်တန်းတွင် (၄၃)ဦး၊ အထက်တန်းတွင် (၂၈)ဦးနှင့် တက္ကသိုလ် တက်ရောက် နေသူ (၁၉)ဦး ရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းအား ပုဏ္ဏားကျေးရွာ အထက်တန်း ကျောင်းခွဲတွင် တက်ရောက်သက်ယူကြပါသည်။

ကျေးရွာရှိ မူလတန်းကျောင်းသည် စတုရန်းပေ(၃၅၀၀)အကျယ်ရှိပြီး (၄၆'×၃၃') ရှိ KGဆောင် တစ်ဆောင်နှင့် (၆၀'×၃၀')အကျယ်ရှိ ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။ ကျောင်းသား (၁၉)ဦးနှင့် ကျောင်းသူ(၂၆)ဦး စုစုပေါင်း (၄၅)ဦး တက်ရောက် ပညာသင်ယူ လျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ (၉)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာနေ ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြ ပါသည်။ ကျေးရွာနှင့်(၃)မိုင်ခန့်အကွာ ပုဏ္ဏားကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး လမ်းပမ်းဆက်သွယ်ရေးလည်း အသင့်အတင့်ကောင်းမွန်သဖြင့် မြို့နယ်ဆေးရုံများနှင့်လည်း လက်လှမ်းမီ သလောက်ရှိပါသည်။ ကျေးရွာတွင်လက်နှိပ်တုံကင်တွင်းများ အလွယ်တကူ ရရှိပြီး သောက်သုံးရေသန့်ရှင်းသည့်အတွက် ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေ ထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ် ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်

များလည်း ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် ပုဂ္ဂလိကပိုင် တုံကင်(၁၅) တွင်း၊ မိုးရေလှောင်ကန်(၂၉)ကန်နှင့် စက်တပ်အဝီစိတွင်း (၃၅)တွင်းရှိသည့်အတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံမှုရှိပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း အစဉ်တစိုက် ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၂၃၀)စုရှိပြီး တွင်းရှိ အိမ်သာမရှိသူ အိမ်ထောင်စု(၂)စု ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမား ဆုံးရှုံးမှု မရှိခဲ့ပါ။ အခြားသဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေသြဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများ နည်းတူလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှုအားနည်းပါသည်။ သို့သော် အခြားသောလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍ

အသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးရရှိရေး** | 9 m ကွန်ကရစ် မီးတိုင်၊ 95mm$^2$ မီးကြိုးသွယ်တန်း ခြင်း လုပ်ငန်း | ၃၃၅ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့်လျှပ်စစ်မီးရရှိရေး လုပ်ငန်းများဆောင်ရွက်ရန် | |
| **လမ်းပမ်း ဆက်သွယ်ရေး** | ချောင်းကူးတံတား ပြုပြင်ခြင်း (၇၀ ' ×၁၁ ' ×၂၀ ' ) | ၂၉၀ | ၂ | သက်ဆိုင်ရာဦး:စီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| **ပညာရေး** | ဝန်ထမ်းအိမ်ရာ တည်ဆောက် ခြင်းလုပ်ငန်း (၄၀ ' ×၂၀ ' ) | ၂၅၀ | ၃ | သက်ဆိုင်ရာဦး:စီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| **လမ်းပမ်း ဆက်သွယ်ရေး** | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (၁၅၀၀ ' ×၁၂ ' ×၉ ") | ၂၃၀ | ၄ | သက်ဆိုင်ရာဦး:စီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |

| | | | | | |
|---|---|---|---|---|---|
| **လမ်းပမ်း ဆက်သွယ်ရေး** | ချောင်းအဆင်း လမ်းပြုပြင်ခြင်း (၂၀၀’×၁၅’×၆” ) | ၂၀၀ | ၅ | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| **ကဏ္ဍ** | **စီမံချက်** | **ရမှတ်** | **ဦးစားပေး အဆင့်** | **စီမံချက်ဖော်ပြချက်** | **မှတ် ချက်** |
| **ရေရရှိရေး** | စက်ရေတွင်း တူးဖော်ခြင်း | ၁၆၀ | ၆ | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| **ကျန်းမာရေး** | အားကစားကွင်း တည်ဆောက်ရန် | ၁၃၀ | ၇ | ရပ်မိရပ်ဖများနှင့် ကျေးရွာနေလူငယ် များမှ ပူးပေါင်းဆောင်ရွက်ရန် | |
| **စိုက်ပျိုးရေး** | စိုက်ပျိုးရေး အသိပညာပေး သင်တန်းဖွင့် လှစ်ခြင်း | ၁၁၀ | ၈ | သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြရန် | |

နောက်ဆက်တွဲ (၁)

## သရက်မြို့နယ်၊ မြောက်ကျွတ်ကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းတင် | ဦးတင်ရွှေ | ၈/သရန(နိုင်)၀၁၁၀၆၃၄ | | –တန်း | ဥက္ကဋ္ဌ | ၀၉–၄၂၃၆၇၂၃၁၉ |
| ၂ | ဦးတင်မောင်အေး | ဦးလှသန်း | ၈/သရန(နိုင်)၀၅၂၁၃၀ | | –တန်း | အတွင်းရေးမှူး | ၀၉–၄၂၅၆၇၈၄၁၄ |
| ၃ | ဦးဆန်းမင်း | ဦးကျော်ထူး | ၈/သရန(နိုင်)၀၇၁၄၃၇ | | –တန်း | ဘဏ္ဍာရေးမှူး | ၀၉–၄၅၂၁၃၆၇၁၆ |
| ၄ | ဒေါ်အေးအေးသန်း | ဦးစံချိန် | ၈/သရန(နိုင်)၀၆၆၈၃၅ | | –တန်း | စာရင်းကိုင် | ၀၉–၆၇၄၉၄၄၈၂၄ |
| ၅ | ဦးအောင်မျိုးလှိုင် | ဦးကျော်မောင် | ၈/သရန(နိုင်)၀၇၁၄၃၆ | | –တန်း | သော့ကိုင်–၁ | ၀၉–၆၇၇၄၈၁၃၅၄ |
| ၆ | ဦးကျော်မျိုးသန်း | ဦးကျော်ဝင်းစိန် | ၈/သရန(နိုင်)၀၈၇၈၅၀ | | –တန်း | သော့ကိုင်–၂ | ၀၉–၈၉၅၉၆၉၆၇ |
| ၇ | ဦး:ဇော်ဝင်းထွန်း | ဦးဟံစော | ၈/သရန(နိုင်)၀၆၆၁၄၈ | | –တန်း | အဖွဲ့ဝင် | ၀၉–၆၇၈၆၇၉၂၀၀ |
| ၈ | ဒေါ်မြင့်မြင့်အေး | ဦးကျော်ထူး | ၈/သရန(နိုင်)၀၀၂၂၉၁ | | –တန်း | အဖွဲ့ဝင် | ၀၉–၂၆၀၉၈၆၀၉၇ |

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၉ | ဒေါ်ယဉ်ငြိမ်းသူ | ဦးသန်းလွင် | ၈/သရန(နိုင်)၁၀၅၆၂၆ | | –တန်း | အဖွဲ့ဝင် | ၀၉–၄၄၂၀၅၀၅၁၆ |

**သရက်မြို့နယ်၊ မြောက်ကျွတ်ကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်မျိုးသန်း | ဦးကျော်ဝင်းစိန် | ၈/သရန(နိုင်)၀၈၇၈၅၀ | | –တန်း | သော့ကိုင်–၂ | ၀၉–၈၉၅၉၆၉၆၆၇ |
| ၂ | ဦးဇော်ဝင်းထွန်း | ဦးဟံစော | ၈/သရန(နိုင်)၀၆၆၁၄၈ | | –တန်း | အဖွဲ့ဝင် | ၀၉–၆၇၈၆၇၉၂၀၀ |
| ၃ | ဒေါ်အေးအေးသန်း | ဦးစံချိန် | ၈/သရန(နိုင်)၀၆၆၈၃၅ | | –တန်း | စာရင်းကိုင် | ၀၉–၆၇၄၉၄၄၈၂၄ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၁ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၈ | ၄ | ၁၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၉ | ၁၃ | ၂၂ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၁၄ | ၃၁ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၉ | ၁၅၀ | ၂၈၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၂၄ | ၄၅ |
| **စုစုပေါင်း** | | **၁၉၇** | **၂၀၆** | **၄၀၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၉၉** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ပုံကျေးရွာတွင် အိမ်ထောင်စု (၉၉)စု၊ အမျိုးသား (၁၉၇)ဦး၊ အမျိုးသမီး (၂၀၆)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၄၀၃)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူလူဦးရေ၏ (၄%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေ အရွယ် ကလေးဦးရေ (၁၃%)၊ သက်ကြီးရွယ်အိုဦးရေ (၁၁%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်) အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၄%)ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုး များ ဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၁ | ၃၉၇ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၇၅ | ၁၄၆ | | နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၂ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၆ | လတ် |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း/ရာသီအလိုက် အလုပ်သမား | | | | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၅ | ၄၃ | လတ် |
| | **စုစုပေါင်း** | ၂၃၁ | ၅၅၀ | ၁၁၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၆၅%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြ ပြီး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ (၁%) နှင့် နေ့စား/ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု(၃၂%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် ပညာရေးဌာန/ ကျန်းမာရေး ဌာန/ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများအဖြစ် ကားများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ကြပြီး အိမ်ထောင်စု၏ (၂%)မှာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ သွားရောက် အလုပ်လုပ်ကိုင်ကြ ကြောင်း သိရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများပြင်ဆင်ရေး | နေ့စား | – | – | – | – |

| စဉ် | အလုပ်အကိုင် | ရေ တွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၈ | လက်လီ–လက်ကားရောင်း ဝယ်ရေး | နေ့စား | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေး သူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |

ရင်းမြစ်.. ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၆၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦး လျှင် (၄၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်း၊ လက်သမား၊ပန်းရံလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၆၀၀၀ိ/-) နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၅၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသား တစ်ဦးလျှင် (၅၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်းနှင့် အခြားဝင်ငွေရ နေ့စားလုပ်သားများအနေဖြင့် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၅၀၀၀ိ/- ) နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၅၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသား

တစ်ဦးလျှင် (၄၀၀၀၀/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀၀/-)နှုန်း ရရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၇၅.၉၀ | သင့် |
| ယာမြေ / တောင်ယာမြေ | | |
| ဥယျာဉ်ခြံမြေ | ၂ | သင့် |
| ကိုင်း/ကျွန်းမြေ | ၇၃.၆၅ | သင့် |
| ဓနိတောမြေ | | |
| စားကျက်မြေ | ၆ | သင့် |
| မြေလွတ်မြေလပ် | | |
| **စုစုပေါင်း** | **၁၅၇.၅၅** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၇၅.၉)ဧက၊ ယာမြေ(၁၁၂.၂၅)ဧက၊ ဥယျာဉ်ခြံမြေ(၂)ဧက၊ စားကျက်မြေ (၆)ဧကနှင့် ကိုင်း/ကျွန်းမြေ (၇၃.၆၅)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၁၅၇.၅၅)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူ အိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ (၃)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါ

သည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | သင့် | လွယ် |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ | လွယ် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | သင့် | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။အုတ်ပုံကျေးရွာသည် မင်းတုန်းချောင်းအနီးတွင် တည်ရှိသောကြောင့် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ အလွယ်တကူရရှိနိုင်ပါသည်။ ကျောက်၊ သဲ၊ ကျောက်စရစ်နှင့် သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) အနည်းငယ် ထွက်ရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း<br>အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင် စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
|---|---|---|---|---|
| **မြေယာပိုင်ဆိုင်မှု** | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁၂.၅)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၅)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧက အောက် | မြေမရှိ |
| **အိမ်အခြေအနေ** | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင် း၊ သက်ကယ်မိုး/ သွပ်မိုး |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | ထွန်စက်၊ ရေစုပ်စက် | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| **အခြားပိုင်ဆိုင်မှု** | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း(၁ )လုံး၊တီဗွီ၊စလော င်၊ ရေဒီယို | ဖုန်း | – |
| **အဓိကစီးပွားရေ း လုပ်ငန်း** | တောင်သူ၊ သယ်ယူပို့ ဆောင်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၁၂** | **၂၅** | **၃၉** | **၂၃** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၁၂)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၅)စု၊ မပြေလည်သော အိမ်ထောင်စု (၃၉)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၃)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူအများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်း ပိုင်ဆိုင်မှု အခြေအနေတို့အပေါ် မူတည်၍ အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၁၀ | ချေးယူ = အိမ်ထောင်စု(၁၀)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု (၁၀)စု |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=…………………<br>အစာလျှော့စား =…………………<br>အထောက်အပံ့ယူ =…………………<br>ချေးယူ =…………………<br>လုပ်အားခကြိုယူ =………………… |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=………………<br>အစာလျှော့စား =…………………<br>အထောက်အပံ့ယူ =…………………<br>ချေးယူ =…………………<br>လုပ်အားခကြိုယူ =………………… |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ မပြေလည်သော အိမ်ထောင်စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု စုစုပေါင်း (၁၈၄)စု ရှိသည့်အနက် အိမ်ထောင်စု (၁၀)စုခန့်သာ (၃)လအောက် ဝမ်းစာဖူလုံမှုရှိပြီး အခြားမိသားစုများမှာ ဝင်ငွေနည်းပါးသော ကာလများတွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်းနှင့် လုပ်အားခကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြကြောင်းသိရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်လွယ်သော အိမ်ထောင်စုများအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၂)စုရှိကြောင်း တွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် |
| ၃ | ရေကြီးခြင်း | လတ် |
| ၄ | မိုးခေါင်ခြင်း | မြင့် |
| ၅ | အအေးလွန်ကဲခြင်း | လတ် |
| ၆ | မုန်တိုင်း | နိမ့် |
| ၇ | ငလျင် | မရှိ |
| ၈ | မီးဘေး | လတ် |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ | လတ် |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| | စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ပုံကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ အား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၃)စုအနက် (၁၀)စုသည် စားနပ် ရိက္ခာ မဖူလုံမှု အနည်းငယ်ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးတွင်းကာလတွင် သာ စိုက်ပျိုးရေဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေ မလုံလောက်မှုများ ကြုံတွေ့ ကြရကြောင်း၊ လမ်းပန်း ဆက်သွယ်ရေး အနည်းငယ်ခက်ခဲကြောင်းတွေ့ရှိ ရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် |
| ၅ | ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | လတ် |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | နိမ့် |
| ၁၁ | လူနည်းစုလူမျိုးများ | လတ် |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | လတ် |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | လတ် |
| ၁၄ | ရွှေတွင်းလုပ်သားများ | နိမ့် |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် |
| ၁၆ | နေရပ်ပြန် အခြေချသူများ | လတ် |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | လတ် |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ပုံကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ဆင်းရဲသောတောင်သူ အိမ်ထောင်စု၊ မြေယာမဲ့ ဆင်းရဲသားတောင်သူ များ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၎င်းတို့သည် စားနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖအဖွဲ့ | လူမှုရေးအဖွဲ့ | ၁၅ | | ၁၅ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၂ | အုပ်ချုပ်ရေးအဖွဲ့ | | ၁၁ | | ၁၁ | လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်း |
| ၃ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၂၅ | | ၂၅ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၄ | ပရဟိတအဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | ၁၂ | ၂၂ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၅ | ဓမ္မစကူးအဖွဲ့ | သာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ | ၁၅ | ၁၄ | ၂၉ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | ကောင်း |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | ဂေါပကအဖွဲ့ | သာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ | ၁၇ | | ၁၇ | ဘာသာရေး | သင့် |
| ၇ | အမျိုးသမီး အဖွဲ့ | လူမှုရေးအဖွဲ့ | | ၁၅ | ၁၅ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | ကောင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ပုံကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်း များမှာ- လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့ တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိ ကြောင်း တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

အုတ်ပုံကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက | ၁၅ | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| | ကြား | | |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၁၀ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | – | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၉၉** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ပုံကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူ များဖြစ်ပြီး စိုက်ပျိုးမြေ(၂)ဧကမှ (၅)ဧကကြားပိုင်ဆိုင်သူ အိမ်ထောင်စု(၁၅)စု၊ စိုက်ပျိုးမြေ (၅)ဧက မှ(၁၂.၅) ဧကကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၁၀)စု၊ (၁)ဧကနှင့်အထက် အလယ်အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၃၇)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ် လက်စား အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

### (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | မိုးရေ | ၅၇၁.၇၅ | ရာသီအလိုက် | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

### (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၁၁၂.၂၅ | တင်း | ၄ | ၁၂ | ၆ | ကဆုန် | တော်သလင်း | မြင့် | နိမ့် |
| စပါး | ၂၆၂.၅ | တင်း | ၄၀ | ၈၀ | ၆၀ | နယုန် | သီတင်းကျွတ် | မြင့် | နိမ့် |
| မြေပဲ | ၁၅၀ | ပိဿာ | ၃၅၀ | ၅၀၀ | ၄၀၀ | သီတင်းကျွတ် | တပို့တွဲ | မြင့် | နိမ့် |
| | | | | | | | | | |
| | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ မြေပဲတို့ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃)တင်း၊ အများဆုံး (၁၂)တင်းနှင့် ပျမ်းမျှ (၅)တင်း ထွက်ရှိပါသည်။ မြေပဲ(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၃၅၀)ပိဿာ၊ အများဆုံး (၅၀၀)ပိဿာနှင့် ပျမ်းမျှ (၄၀၀)ပိဿာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃၈)တင်း၊ အများဆုံး (၈၀)တင်းနှင့် ပျမ်းမျှ (၆၀)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့်အတင့်ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေ သြဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာ မကောင်းသဖြင့် အထွက်နှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂၂ | – | – | |
| လက်တွန်း ထွန်စက် | – | – | – | – |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | ၂ | – | – | – |
| ရိတ်သိမ်းစက် | ၁ | – | – | – |
| ခြွေလှေ့စက် | | – | – | – |
| ရေစုပ်စက် | ၃၄ | – | – | – |
| ခြေနင်းရေတင်စက် | ၄၆ | – | – | – |
| မြက်ရိတ်စက် | ၈ | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် ပုဂ္ဂလိကပိုင် လယ်ထွန်စက် (၂၂)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၂)စက်၊ ရိတ်သိမ်းစက်(၁)စက်၊ ရေစုပ်စက်(၃၄)စက်၊ ခြေနင်းရေတင်စက်(၄၆)စက်နှင့် မြက်ရိတ်စက် (၈)စက်ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အားဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက(၅)ဧကမှ (၁၂) ဧကနှင့်အထက် ပိုင်ဆိုင်သော အိမ်ထောင်စုများမှာလည်း မိသားစုဝင်လုပ်အားဖြင့်သော် လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | ကောင်း |
| စိုက်ပျိုးရေ အရင်းအမြစ် | အသင့်အတင့်ရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ရသည် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| လုပ်သားရရှိနိုင်မှု | ရနိုင်သည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရနိုင်သည် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်သည် |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ရွာမကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေ ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာနှင့် အခြား ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီးအဖြစ် သမဝါ ယမ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ်တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာအထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | ရာသီဥတုမမှန် |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တအကူမရနိုင် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မ ရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အသင့်အတင့်ကျ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ရာသီဥတု မမှန်ခြင်းဖြစ်ပါသည်။ ရေသွင်းစိုက်ပျိုးရန်အတွက် ရေအရင်းအမြစ်ရှားပါးပါသည်။ သီးနှံအထွက်တိုးရန်နှင့် မြေသြဇာကောင်းရန် နည်းပညာလိုအပ်လျှက်ရှိပါသည်။

**(၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ**

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၆၉ | ၃၈၈ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | – | – |
| သိုး | – | – |
| ဝက် | ၃၁ | ၃၉ |
| ကြက် | ၂၃၂ | ၁၇၈၅ |
| ဘဲ | | |
| နွားနောက် | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွာမကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃၁)စု ရှိပြီး ဝက်အကောင်ရေ (၃၉)ကောင်၊ ကြက်မွေးမြူ ရေးလုပ်ကိုင်သူအိမ်ထောင်စု (၂၃၂)စု ရှိပြီး ကြက်ကောင်ရေ (၁၇၈၅)ကောင်နှင့် နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၁၆၉)စုရှိပြီး နွားအကောင်ရေ (၃၃၈)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

### (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| ရေရရှိမှု | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ပါသည်။ |
| ဈေးငွေ | ဈေးငွေ အသင့်အတင့်ရနိုင်ပါသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် ။ |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာ ဝန်ဆောင်မှုများ ရနိုင်သည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို ရောင်းချနိုင်ပါသည် ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အသင့်အတင့်ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရန် မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ခြင်း၊ ဈေးငွေအသင့်အတင့်ရရှိနိုင်ခြင်းနှင့် သွင်းအားစုများ ဝယ်ယူနိုင်ခြင်းတို့သည် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် အထောက်အကူပြုသည့် အခွင့်အလမ်းများ ဖြစ်ပါသည်။

## (၃) မွေးမြူရေး တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | စားကျက်မြေရှားပါသည်။ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ရေရရှိမှု | မဖြေဆိုပါ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရပါ။ |
| ချေးငွေ | ချေးငွေလွယ်ကူစွာ မရနိုင်ပါ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရနိုင်ပါ။ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရရှိပါ။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာ နှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မြေနေရာအလုံအလောက်မရှိပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ စားကျက်မြေများပါးခြင်း၊ ကိုယ်ပိုင်ရေတွင်း/ တုံကင်ပိုင်ဆိုင်မှု နည်းပါးခြင်း၊ အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှုမရှိခြင်းစသည့် အခက်အခဲများ ရှိပါသည်။

**(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | အသင့်အတင့် |
| လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန် များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက် အသင့်အတင့် |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | အသင့်အတင့် နားလည်သည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | သင့် |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | သင့် |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | သင့် |
| ချေးငွေ ရရှိနိုင်ခြင်း | ချေးငွေရရှိနိုင်သည်။ |
| အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | အသင့်အတင့် |
| အလုပ်အကိုင် အခွင့်အလမ်း | အသင့်အတင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် ဈေးရောင်းခြင်း၊ ကိုယ်ပိုင်စက်ချုပ်ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးအဖြစ် လိုင်းကားဆွဲခြင်းနှင့် နေ့စား/ ကျပန်းများအဖြစ် လုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှု အားနည်းသဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက် အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | အလွန်ညံ့ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းမရရှိပါ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန် မရပါ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ |
| အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရပါ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ် သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြု နိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အခြားအသက်မွေးဝမ်းလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ လျှပ်စစ်မီးမရရှိခြင်း၊ လုပ်သားအင်အားရှားပါးခြင်း၊ ဈေးကွက်ဆိုင်ရာ အသိအမြင် မရှိခြင်း၊ လိုအပ်သလောက် ချေးငွေမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်မှု အားနည်းခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းနှင့် ထွက်ကုန်များရောင်းချရန် ဈေးကွက်မကောင်းခြင်းတို့ ဖြစ်ကြောင်းတို့ လေ့လာတွေ့ရှိရပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

## (၈-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်း သွား လာ နေထိုင်သူ" တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | ၃၉ | ၅ | ၉ | ၁၄ | ၂၄ | ၁၀ | ၃၄ | ၂၉ | ၁၉ | ၄၈ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | | | | | | | | | |
| | ၆ လ အထိ | | | | | | | | | | |
| | ၁၂ လ အထိ | | | | | | | | | | |
| | ၁၂ လ အထက် | | ၅ | ၉ | ၁၄ | ၂၄ | ၁၀ | ၃၄ | ၂၉ | ၁၉ | ၄၈ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာမကျေးရွာမှ ရန်ကုန်မြို့၊ သရက်မြို့နှင့် အခြားမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းများနှင့် အခြားအလုပ်လုပ်ကိုင်သူ စုစုပေါင်း (၁၄)ဦးရှိကြောင်း၊ အခြားနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သူ အမျိုးသား (၂၄)ဦးနှင့် အမျိုးသမီး(၁၀)ဦး၊ စုစုပေါင်း (၃၄)ဦးရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ | ၄၈ |

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| | ရှာဖွေရန် | |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | – |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | – |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | – |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | – |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ မိမိတို့ကျေးရွာမှ ပြည်တွင်းရှိ အခြားမြို့များ၊ ထိုင်းနိုင်ငံနှင့် မလေးရှား နိုင်ငံတို့သို့ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းရင်းမှာ မိသားစုစားဝတ်နေရေး မပြေလည်ခြင်း၊ စိုက်ပျိုးရေးတွင် ရာသီဥတုမကောင်းခြင်း/ ပိုးကျခြင်းတို့ကြောင့် အထွက်နှုန်းကျသဖြင့် ဝင်ငွေရရှိမှု နည်းပါးခြင်း၊ အခြားလုပ်ငန်းများမှ အခကြေးငွေ ရရှိမှုနည်းပါးခြင်းတို့ ကြုံတွေ့ကြရသည့်အတွက် မိသားစုဝင်ငွေ ပိုမိုရရှိစေရန် အခြားမြို့များ နှင့် နိုင်ငံရပ်ခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(ဂ-၃)ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ**

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|

| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
|---|---|---|---|---|---|
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၄၈ | – | ၄၈ | – |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | – | ☒ | | |
| | - ခ။ ဘဏ် | ၄၈ | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | – | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုး ကို အသုံးပြု၍ | – | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုး လုံးကို အသုံးပြု၍ | – | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အခြားမြို့များနှင့် နိုင်ငံရပ်ခြားတို့တွင် အလုပ်လုပ်ကိုင် နေသူများ သည် မိမိတို့ မိသားစုထံသို့ အဓိကအားဖြင့် ဘဏ်မှတစ်ဆင့် ငွေလွှဲပေးပို့ကြကြောင်း သိရှိရပါသည်။

## (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | သရက်မြို့ဈေး | ပြည် |
| ရွာမှအကွာအဝေး (မိုင်) | ၁၅ မိုင်အထက် | ၃၀ မှ ၅၀ – မိုင် |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ကား/ထော်လာဂျီ | ကား/ထော်လာဂျီ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု | ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ | ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ |
| ဈေးအခြေခံအဆောက်အဦ | သင့် | သင့် |
| ဝန်ဆောင်မှု | သင့် | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာမကျေးရွာမှ ထွက်သောနှမ်း/စပါး/ပဲမျိုးစုံစသော စိုက်ပျိုးသီးနှံများ၊ ဝက်/ကြက်စသော မွေးမြူရေးအကောင်များ စသည်တို့အား အဓိကအားဖြင့် သရက်မြို့နှင့်ပြည်မြို့တို့သို့ ကားဖြင့်သွားရောက်၍ ရောင်းချကြကြောင်း၊ မိသားစုမီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်၊ ပရိဘောဂပစ္စည်းစသည့် အသုံးအဆောင် ပစ္စည်းများ ဝယ်ယူလိုပါကလည်း အဆိုပါ သရက်မြို့နှင့် ပြည်မြို့တို့မှ ဝယ်ယူကြကြောင်း သိရှိရပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက် အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတို ချေးငွေ | ၆လမှ တစ်နှစ်ထိ | ၁ မှ ၂ % | မလိုအပ်ပါ | နည်းသည် |
| သမဝါယမချေးငွေ | ကာလတို ချေးငွေ | ၆လမှ တစ်နှစ်ထိ | ၂ မှ ၅ % | မလိုအပ်ပါ | မရှိပါ |
| ငွေချေးပေးသူ | ကာလတို ချေးငွေ | ၆လမှ တစ်နှစ်ထိ | ၅ မှ ၁၀% | လိုအပ် သည် | မရှိပါ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ချေးငွေရရှိမှုအနေဖြင့် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကာလတိုချေးငွေရရှိပြီး (၆)လတစ်ကြိမ် ပြန်လည်ပေးဆပ်ရကြောင်း၊ အတိုးနှုန်း ၁၀၀ကျပ်လျှင် ၁ကျပ်ပြား၅၀နှုန်း ပေးသွင်းရကြောင်း၊ အပေါင်ခံပစ္စည်း ပေးရန်မလိုကြောင်း၊ ပုံစံ(၇)ရှိသည့် လယ်(၁)ဧကလျှင် ပျမ်းမျှချေးငွေကျပ်(၁၆၀၀၀၀) ရရှိကြောင်း သိရှိရပါသည်။ စိုက်ပျိုးရေး ဘဏ်မှ ချေးငွေ လယ်(၁)ဧကလျှင် (၁၀၀၀၀၀)ကျပ်၊ ယာ(၁)ဧကလျှင် (၅၀၀၀၀)ကျပ်ဖြင့် ချေးယူခွင့်ရရှိကြောင်း၊ (၁၀၀)ကျပ်လျှင် ပြား(၈၀)နှုန်း အတိုးပေးသွင်းရကြောင်း သိရှိရပါသည်။

## (စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်**

**အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| **အခက်အခဲ** | **အန္တရာယ်ရှိမှု** |
|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် |
| အပင်မျိုးစိတ်များ | လတ် |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် |
| ရေအရင်းအမြစ် | လတ် |
| ငါးမျိုးကွဲများ | နိမ့် |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | လတ် |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေ၏ မြေဆီမြေသြဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သဖြင့် အချို့သော မြေကော အနည်းငယ်အတွက်သာ စိုက်ပျိုးရန် အခက်အခဲ အနည်းငယ် ရှိကြောင်း၊ အပင်မျိုးစိတ်များမှာလည်း ကောင်းမွန်သဖြင့် အခက်အခဲမရှိကြောင်း၊ ယခင်နှစ်တွင် တောင်သူအချို့၏ စိုက်ခင်းများတွင် ဖျက်ပိုးနှင့်ရောဂါ ကျရောက်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သဖြင့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း၊ ရေအရင်း အမြစ်အနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုးရေရရှိသဖြင့် မိုးခေါင်သော နှစ်များတွင် စိုက်ပျိုးရေ လုံလောက်စွာမရရှိကြောင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအား ဆောင်ရွက်ရန် စီစဉ်လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၁၀၆ | ၁၂၁ | ၂၂၇ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၉၇ | ၁၁၆ | ၂၁၃ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၄၀ | ၁၆၂ | ၃၀၂ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၂၁ | ၂၂ | ၄၃ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၉ | ၁၄ | ၂၃ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေထိုင်သူလူဦးရေစုစုပေါင်း (၈၀၈)ဦးရှိသည့်အနက် မူလတန်းအဆင့် တတ်မြောက်သူ (၂၇%)၊ အလယ်တန်းအဆင့် တတ်မြောက်သူ (၃၇%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၅%)နှင့် တက္ကသိုလ်အဆင့် တတ်မြောက်သူ (၃%) ရှိပြီး ကျန်ရှိသော စာမတတ်သူ (၂၈%)မှာ နို့စို့အရွယ်ကလေးငယ်များနှင့် ၅နှစ်အောက် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ ကျေးရွာမူလတန်းကျောင်းရှိသည့် အတွက် ကျေးရွာနေ ပြည်သူအများစုမှာ အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်သူများ ဖြစ်ကြပြီး စာမတတ်သူ ဦးရေအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၂)  ကျောင်းတက်နှုန်း**

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၉ | ၂၆ | ၄၅ |
| အလယ်တန်း | ၁၆ | ၂၇ | ၄၃ |
| အထက်တန်း | ၁၁ | ၁၇ | ၂၈ |
| တက္ကသိုလ်/ကောလိပ် | ၆ | ၁၃ | ၁၉ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ရွာမကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူဦးရေမှာ မူလတန်းတွင် (၄၅)ဦး၊ အလယ်တန်းတွင် (၄၃)ဦး အထက်တန်းတွင် (၂၈)ဦးနှင့် တက္ကသိုလ် တက်ရောက်နေသူ (၁၉)ဦးရှိပါကြောင်း သိရှိရပါသည်။

**(ဆ-၃)    စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **ကျောင်းအဆင့်** | | |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်းကျောင်း | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် / စက်ဘီး | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်း ဧရိယာ (စတုရန်းပေ)* | စတုရန်းပေ (၃၅ဝဝ) | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သင့် | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | မလုံလောက်ပါ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | သင့် | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှု ရှိပါသည်။ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၃ | ၆ | ၉ |
| ကျေးရွာခန့် | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ရွာမကျေးရွာအတွင်း အခြေခံပညာ မူလတန်းကျောင်း တည်ရှိပြီး ကျေးရွာတွင်းရှိ ကျောင်းသားကျောင်းသူများမှ ခြေလျင်ဖြစ်စေ၊ စက်ဘီးဖြင့်ဖြစ် သွားရောက်ကျောင်းတက်ကြပါသည်။ စာသင်ကျောင်း စုစုပေါင်းကြမ်းခင်းဧရိယာ (၃၅ဝဝ) စတုရန်းပေ ကျယ်ဝန်းပါသည်။ (၄၆'×၃၃')အကျယ်ရှိ KGဆောင် တစ်ဆောင်နှင့်

(၆၀ ' ×၃၀ ' )အကျယ်ရှိ ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းသား (၁၉)ဦးနှင့် ကျောင်းသူ(၂၆)ဦး စုစုပေါင်း(၄၅)ဦး တက်ရောက် ပညာသင်ယူလျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ (၉)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အထက် |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | နည်း |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အသင့်အတင့် |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | နည်း |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဆရာအင်အား လုံလောက်မှုရှိသဖြင့် သင်ကြားရေးတွင် အခက်အခဲမရှိပါ။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် ချမှတ်ထားမှု မရှိသေးပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ လုံလောက်မှုရှိပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု အားနည်းကြောင်း တွေ့ရှိရပါသည်။ မိဘဆရာအသင်းမှ ကျောင်းနှင့် ကျောင်းသားများ၏ လိုအပ်ချက်များကို အဓိကပံ့ပိုးကူညီပေးကြကြောင်း တွေ့ရှိရပါသည်။

**(၈) ကျန်းမာရေးနှင့် အာဟာရ**

**(၈-၁) အဖြစ်များသော ရောဂါများ**

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | နိမ့် |
| ၂ | သွေးလွန်တုပ်ကွေး | နိမ့် |
| ၃ | ငှက်ဖျား | နိမ့် |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မရှိ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | နိမ့် |
| ၆ | တီဘီ | နိမ့် |
| ၇ | ဆီးချို | နိမ့် |
| ၈ | သွေးတိုး | နိမ့် |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မရှိ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မရှိ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | နိမ့် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ သွေးတိုး၊ ဆီးချိုစသည်တို့ ဖြစ်ပွားမှု အနည်းငယ်ရှိသော်လည်း အဟာရချို့တဲ့မှုနှင့် HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများမဖြစ်ပွားဖူးကြောင်း သိရှိရပါသည်။

## (၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ | |
| ၃ | ပိုလီယိုရောဂါ | ရှိ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | | မရှိ |
| ၅ | ဝက်သက်ရောဂါ | ရှိ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | မရှိ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ရှိ | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ဝက်သက်ရောဂါကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ပုံမှန်ဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါသည်။

## (၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာအဝေး (မိုင်)** | **အခန်း/ကုတင် လုံလောက်မှု** |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာနခွဲ | ၀ မိုင် မှ ၁ မိုင် | မရှိ |
| တိုက်နယ်ဆေးရုံ | ၃ မိုင် မှ ၅ မိုင် | ရှိ |
| မြို့နယ် ဆေးရုံ | ၁၀ မိုင်အထက် | ရှိ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ | ☒ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရွာမကျေးရွာနေပြည်သူများ ကျန်းမာရေးမကောင်းပါက ကျေးရွာရှိ ကျန်းမာရေးဆေးပေးခန်း၊ ရွာနှင့် (၃) မိုင်ခန့်အကွာရှိ ပုဏ္ဏားကျေးရွာတွင် တိုက်နယ်ဆေးရုံနှင့် သရက်ခရိုင်ပြည်သူ ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှု ခံယူကြကြောင်း၊ ကျေးရွာ(သို့မဟုတ်) ကျေးရွာအနီးတွင်လည်း ဆေးဆိုင်မရှိကြောင်း သိရှိရပါသည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်း သပ် စစ်ဆေးထားမှု | ရေ အရည်အသွေး | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ |
|---|---|---|---|---|
| ရေတွင်း | – | – | – | – |
| အဝီစိတွင်း/ စက်တပ် | ၃၅ | မရှိ | သင့် | တစ်နှစ်ပတ်လုံး |
| အဝီစိတွင်း/ တုံကင် | ၁၅ | မရှိ | ကောင်း | တစ်နှစ်ပတ်လုံး |
| မိုးရေ လှောင်ကန် | ၂၉ | မရှိ | ကောင်း | တစ်နှစ်ပတ်လုံး |
| စိမ့်စမ်း | – | – | – | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှုအနေဖြင့် ပုဂ္ဂလိကပိုင် အဝီစိတွင်း/တုံကင် (၁၅)တွင်း၊ ပုဂ္ဂလိကပိုင် အဝီစိတွင်း/ စက်တပ်(၃၅)တွင်း၊ မိုးရေလှောင်ကန်(၂၉)ကန်တို့ရှိပြီး ကိုယ်ပိုင်ရေတွင်းမရှိသော အိမ်ထောင်စုများသည် နီးစပ်ရာ ရေတွင်းများမှ သောက်သုံးရေ ရယူသုံးစွဲကြရပါကြောင်း၊ မင်းတုန်းချောင်းမှ သုံးစွဲကြကြောင်း၊ တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံမှုရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁ |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၂၉ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၂ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေး ဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် ရေလောင်း/ ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၂၃၀)စုရှိသဖြင့် အများစုမှာ ယင်လုံအိမ်သာသုံးစွဲကြသည့်အတွက် ကျန်းမာရေး ဗဟုသုတရှိသော ကျေးရွာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ | |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ | |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | မရှိ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ များအတွက် လူထု၏ အသိ အမြင်ရှိမှု | | မရှိ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်၊ သာရေး/နာရေး/လူမှုရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြကြောင်း၊ တရားဥပဒေစိုးမိုးသော ဒေသဖြစ်ခြင်းနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာနေလူထု၏ အသိအမြင် ဗဟုသုတရှိခြင်းတို့ကြောင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် အခြားသော အမှုကိစ္စများ ဖြစ်ပွားမှု မရှိကြောင်း သိရှိရပါ သည်။

## (၄) အခြေခံ အဆောက်အဦများ အခြေအနေ

### (၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | မြေသားလမ်း | သင့် | ၅နှစ် အထက် | တစ်နှစ်ပတ် လုံး | ၀–၁ မိုင် |
| ချဉ်းကပ်လမ်း | မြေသားလမ်း | ညံ့ | ၂နှစ် မှ ၅နှစ် | ပွင့်လင်းရာသီ | ၅–၁၀ မိုင် |
| ရွာချင်းဆက် လမ်း | ကျောက်ခင်း လမ်း | သင့် | ၅နှစ် အထက် | ပွင့်လင်းရာသီ | ၀–၁ မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အသုံးပြုသော ရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းတို့သည် မြေသားလမ်းများဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်သော်လည်း မိုးရာသီတွင် ရွံ့ဗွက်များဖြင့် သွားလာရန် ခက်ခဲကြောင်း ၊ လမ်းအဆင့်မြှင့်တင်ရန် လိုအပ်လျှက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ကွန်ကရစ် တံတား | | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ၅နှစ် ☐<br>၅နှစ်အထက်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား တံတား | ၇၀'×၁၁'×၂၀' | ညံ့ | ၆လမှ ၁နှစ် | တစ်နှစ်ပတ်လုံး |
| ကြိုးတံတား | | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ၅နှစ် ☐<br>၅နှစ်အထက်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ၅နှစ် ☐<br>၅နှစ်အထက်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ၅နှစ် ☐<br>၅နှစ်အထက်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ၅နှစ် ☐<br>၅နှစ်အထက်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၇၀'×၁၁'×၂၀' )ရှိ သစ်သားတံတား(၁)စင်းရှိပြီး အဆင့်မြှင့်တင်ရန် လိုအပ်လျှက်ကြောင်း လေ့လာတွေ့ရှိပါသည်။

## (၅-၃)    ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး (မိုင်)** | **ယာဉ်အမျိုးအစား** | **ရာသီအလိုက်သုံးစွဲနိုင်မှု** |
|---|---|---|---|
| မြစ်ကြောင်း | အသုံးမပြုပါ | ☒ | ☒ |
| ပင်လယ်ရေကြောင်း | အသုံးမပြုပါ | ☒ | ☒ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**         ။ ကျေးရွာတွင် မင်းတုန်းချောင်းရှိသော်လည်း ချောင်းကူးတံတားမရှိသည့်အတွက် ချောင်းရေကျချိန်တွင် သွားလာ၍မရကြောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးယာဉ် မရှိကြောင်း တွေ့ရှိရပါသည်။

## (၅-၄)  သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| **ယာဉ်အမျိုးအစား** | **လှေ၊ သမ္ဗာန်** | **စက်လှေ** | **စက်ဘီး** | **မော်တော်ဆိုင်ကယ်** | **သုံးဘီးဆိုင်ကယ်** | **ထော်လာဂျီ** | **ကား** | **မြင်းလှည်း** | **နွားလှည်း** |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | – | – | ၈၈ | ၁၄၃ | - | ၂ | ၃ | – | ၈၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**            ။ ရွာမကျေးရွာနေ အိမ်ထောင်စုများပိုင်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး(၈၈)စီး၊ မော်တော်ဆိုင်ကယ် (၁၄၃)စီး၊ ထော်လာဂျီ (၂)စီး၊ မော်တော်ကား(၃)စီးနှင့် နွားလှည်း(၈၄)စီး ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၄) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| ဆိုလာစနစ် | ၃၀ | သင့် | ရှိ |
| ဒီဇယ်သုံးအင်ဂျင် | ၁၄၀ | သင့် | ရှိ |
| လျှပ်စစ်မီးအသုံးမပြုနိုင်သော | ၆၂ | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးကြောင်း၊ အိမ်ထောင်စု(၁၄၀)စုသည် ကျေးရွာပိုင် အင်ဂျင်မီးစက်မှ သုံးစွဲကြကြောင်း၊ ဆိုလာမီးသုံးစွဲသူ(၃၀)အိမ်ရှိကြောင်း၊ အခြားအိမ်များသည် ဖယောင်းတိုင်မီးကိုသာ သုံးစွဲကြကြောင်း တေွ့ရှိရပါသည်။

## (၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| အမျိုးအမည် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၁၈၅ | ၁၂၈ | ၁၀၉ | ၁၁၁ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စု အများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြခြင်း၊ တီဗွီနှင့် ဂြိုလ်တုစလောင်းများ ပိုင်ဆိုင်ကြခြင်းတို့ကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | မရှိ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြု ပစ္စည်းများ ရှိခြင်း | ညံ့ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | သင့် |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ခြင်းတွင် ပါဝင်မှု | နည်း |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ ၊ ဘာသာရေး လုပ်ငန်းများတွင် ပါဝင်မှုရှိပါသည်။ ကျေးရွာတွင် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် နေရာနှင့် အထောက်အကူပြုပစ္စည်းများ မရှိသေးကြောင်းသိရှိရပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက် လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းစသော ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | မရှိ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိ |
| မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | မရှိ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ရွာမကျေးရွာတွင် ဆက်သွယ်ရေးဖုန်းလိုင်းများမိသဖြင့် ဆက်သွယ်ရေး ကဏ္ဍမှာ အဆင်ပြေလျှက်ရှိပါကြောင်း၊ ကျေးရွာအတွင်း အာမခံလုပ်ငန်းများ ၏ ဝန်ဆောင်မှုများ မရရှိပါကြောင်း၊ မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းမရှိသေးကြောင်း သိရှိရပါသည်။

**(ဏ-၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| မှုခင်းဖြစ်ပွားမှု အခြေအနေ | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| | မရှိ | မရှိ | မရှိ | မရှိ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသော ကျေးရွာဖြစ်သည့်အတွက် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုစသည့် မှုခင်းများ မဖြစ်ပွားဖူးကြောင်းလေ့လာတွေ့ရှိရပါသည်။

## ရွာမကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|---|
| **က။ မီးရရှိရေး** | | | | | | | |
| ၁ | ၁ | လျှပ်စစ်မီးမရရှိခြင်း | သရက်မြို့နှင့် မိုင်(၃၀) ခန့်ကွာဝေးခြင်း၊ ရန်ပုံငွေ မရှိခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ စည်းလုံးညီညွတ်မှု ရှိခြင်း | ကျေးရွာနေပြည်သူများ မှ ငွေကြေးမတတ်နိုင် ခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)ဖြင့် မီးကြိုး/မီးတိုင် တပ်ဆင် သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာန သို့တင်ပြ သွားရန် |
| **ခ။ လမ်းပမ်းဆက်သွယ်ရေး** | | | | | | | |
| ၂ | ၁ | လမ်းပမ်းဆက်သွယ် ရေးခက်ခဲခြင်း | သစ်သားတံတားယိုယွင်း ပျက်စီးနေခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ စည်းလုံးညီညွတ်မှု ရှိခြင်း | ကျေးရွာနေပြည်သူများ မှ ငွေကြေးမတတ်နိုင် ခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | တံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် |
| | ၂ | | မြေသားလမ်းဖြစ်ခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ စည်းလုံးညီညွတ်မှု ရှိခြင်း | ကျေးရွာနေပြည်သူများ မှ ငွေကြေးမတတ်နိုင် ခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | ကျေးရွာတွင်းကွန်ကရစ်ခင်း ခြင်းလုပ်ငန်းဆောင်ရွက်ရန် |

| စဉ် | ပြဿနာ | | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|---|
| | ၃ | လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း | ချောင်းအဆင်းလမ်းမကောင်းခြင်း | ကျေးရွာမှ လုပ်အားထည့်ဝင်နိုင်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း | ကျေးရွာနေပြည်သူများ မှ ငွေကြေးမတတ်နိုင် ခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်သက်ဆိုင်ရာဦးစီးဌာနတို့အားတင်ပြ၍ဘတ်ဂျက်တောင်းခံခြင်း | ချောင်းအဆင်းလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် |
| **ဂ။ ပညာရေး** | | | | | | | |
| ၃ | ၁ | ဝန်ထမ်းအိမ်ရာမရှိခြင်း | ကျေးရွာမှ ငွေကြေးမထည့်ဝင်နိုင်ခြင်း | ကျေးရွာမှ လုပ်အားထည့်ဝင်နိုင်ခြင်း | တည်ဆောက်ရေး နည်းပညာအားနည်းခြင်း | သက်ဆိုင်ရာဦးစီးဌာနတို့အား တင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | ဝန်ထမ်းအိမ်ရာတည်ဆောက် သွားရန် |
| **ဃ။ ရေရရှိရေး** | | | | | | | |
| ၄ | ၁ | သန့်ရှင်းသောသောက်သုံးရေရရှိရန်လိုအပ်ခြင်း | သန့်ရှင်းသော သောက်သုံးရေလွယ်ကူစွာရယူနိုင်သော ရေအရင်းအမြစ်မရှိခြင်း | မင်းတုန်းချောင်းရှိခြင်း၊ ပုဂ္ဂလိကပိုင်တုံကင်တွင်းများရှိခြင်း | ရန်ပုံငွေမရှိခြင်း၊ နည်းပညာအားနည်းခြင်း | သက်ဆိုင်ရာဦးစီးဌာနတို့အား တင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | စက်ရေတွင်းတူးဖော်ရန် |
| **င။ ကျန်းမာရေး** | | | | | | | |
| ၅ | ၁ | အားကစားကွင်းမရှိခြင်း | မြေနေရာမရှိခြင်း | ကျေးရွာမှစိတ်ပါဝင်စားမှုရှိခြင်း | ရန်ပုံငွေ မရှိခြင်း | အုပ်ချုပ်ရေးအဖွဲ့နှင့်ကျေးရွာနေပြည်သူများမှ ပူးပေါင်းဆောင်ရွက်သွားရန် | အားကစားကွင်းတည်ဆောက်ရန် |
| **စ။ စိုက်ပျိုးရေး** | | | | | | | |
| ၆ | ၁ | သီးနှံအထွက်နှုန်းနည်းပါးခြင်း | စိုက်ပျိုးရေးနည်းစနစ်၊ အသိပညာအားနည်းခြင်း | ကျေးရွာလူထုမှ သင်ယူလိုစိတ်ရှိခြင်း | | သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း | စိုက်ပျိုးရေးအသိပညာပေးသင်တန်း ဖွင့်လှစ်ရန် |

## ဦးစားပေး စီမံချက် အဆိုပြုလွှာ (၁)

| | |
|---|---|
| ကျေးရွာ | - ရွာမကျေးရွာ |
| ကျေးရွာအုပ်စု | - ရွာမကျေးရွာအုပ်စု |
| မြို့နယ် | - သရက်မြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - မကွေးတိုင်းဒေသကြီး |

**စီမံချက်အမည် -** 9 m ကွန်ကရစ် မီးတိုင်၊ 95mm$^2$ မီးကြိုးသွယ်တန်းခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ရွာမကျေးရွာတွင် အိမ်ခြေ(၂၃၂)အိမ်ရှိပြီး ကျေးရွာပိုင် အင်ဂျင်မီးစက်မှ (၁၄၀)အိမ် ကိုယ်ပိုင်ဆိုလာသုံးစွဲသူ အိမ်ထောင်စု(၃၀)စုနှင့် ဖယောင်းတိုင်မီးသုံးစွဲသူ (၆၂)စု ရှိပါသည်။ သရက် မြို့နယ်နှင့် မိုင်(၃၀)ခန့်ကွာဝေးသဖြင့် သရက်မြို့မှ လျှပ်စစ်မီးမရရှိနိုင်သော်လည်း ကံမမြို့မှ တစ်ဆင့် လျှပ်စစ်မီးရရှိလာမည်ဖြစ်သဖြင့် မီးကြိုးမီးတိုင်များ ကြိုတင်သွယ်တန်းဆောင်ရွက် လိုခြင်းဖြစ်ပါသည်။

**စီမံချက်ရည်ရွယ်ချက်**

ကျေးရွာတွင်နေထိုင်သည့် ကျေးရွာသူကျေးရွာသားများအားလုံး မီးဘေးအန္တရာယ်ကင်းဝေး စေရန်၊ လျှပ်စစ်မီး လွယ်ကူလုံလောက်စွာ ရယူသုံးစွဲနိုင်စေရန် ရည်ရွယ်ပါသည်။

**မျှော်မှန်း အကျိုးရလဒ်**

မီးဘေးအန္တရာယ်ကင်းဝေးစွာဖြင့် လျှပ်စစ်မီးလွယ်ကူချောမွေ့စွာ သုံးစွဲနိုင်မည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**

9 m ကွန်ကရစ် မီးတိုင်၊ 95mm$^2$ မီးကြိုးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

| ကုန်ကျစရိတ်ထည့်ဝင်မှု – | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ သိန်း(၁၀၀)နှင့် ပြည်သူ ထည့်ဝင်ငွေ (၁၃၀၆၈၀၀) |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| • (၁၀၀,၀၀၀၀၀)ကျပ်<br>• (၁၃၀၆၈၀၀)ကျပ် | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၃၇၃ | ၄၃၅ | ၈၀၈ | ၁၀ | ၃၈ | ၁၀၈ | ၇၆ | ၂၃၂ |
| အကျိုးခံစားမည့် ဦးရေ | ၃၇၃ | ၄၃၅ | ၈၀၈ | ၁၀ | ၃၈ | ၁၀၈ | ၇၆ | ၂၃၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** – ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** – မတ်လ၊ ၂၀၂၀ |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** – ဧပြီလကုန်၊ ၂၀၂၀ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**<br>လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော ငွေကျပ်(၁၃၀၆၈၀၀)တို့အား ပြည်သူမှ ထည့်ဝင်သွားမည်ဖြစ်ပါသည်။ |

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မီးလင်းရေးလုပ်ငန်း ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ကျေးရွာနေပြည်သူများမှ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးစားပေး စီမံချက် အဆိုပြုလွှာ (၂)**

| | |
|---|---|
| ကျေးရွာ<br>ကျေးရွာအုပ်စု<br>မြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် | - ရွာမကျေးရွာ<br>- ရွာမကျေးရွာအုပ်စု<br>- သရက်မြို့နယ်<br>- မကွေးတိုင်းဒေသကြီး |
| **စီမံချက်အမည် -** | သစ်သားတံတားပြုပြင်ခြင်းလုပ်ငန်း (၇၀'×၁၁'×၂၀') |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ရွာမကျေးရွာရှိ သစ်သားချောင်းကူးတံတားများမှာ အိုဟောင်းယိုယွင်းနေသဖြင့် သွားရေးလာရေးခက်ခဲပြီး အန္တရာယ်ရှိနိုင်သောကြောင့် တံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက်**<br>ကျေးရွာတွင်နေထိုင်သည့် ကျေးရွာသူကျေးရွာသားများအားလုံး တစ်နှစ်ပတ်လုံး လမ်းပမ်း ဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်။ | |
| **မျှော်မှန်း အကျိုးရလဒ်**<br>တစ်နှစ်ပတ်လုံးလမ်းပမ်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာသွားလာနိုင်မည် ဖြစ်ပါသည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**<br>သစ်သားတံတားပြုပြင်ခြင်းလုပ်ငန်း (၇၀'×၁၁'×၂၀')ဆောင်ရွက်သွားမည်ဖြစ် ပါသည်။ | |

| |
|---|
| |

| **ကုန်ကျစရိတ်ထည့်ဝင်မှု** – သက်ဆိုင်ရာဦးစီးဌာနအား ရန်ပုံငွေတင်ပြတောင်းခံရန် | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| | • သက်ဆိုင်ရာဦးစီးဌာန<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၇၃ | ၄၃၅ | ၈၀၈ | ၁၀ | ၃၈ | ၁၀၈ | ၇၆ | ၂၃၂ |
| **အကျိုးခံစားမည့် ဦးရေ** | ၃၇၃ | ၄၃၅ | ၈၀၈ | ၁၀ | ၃၈ | ၁၀၈ | ၇၆ | ၂၃၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** – ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** – ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** – ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**<br>လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော ရန်ပုံငွေအား သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံမည်ဖြစ်ပြီး လုပ်အားလိုအပ်ပါက ကျေးရွာမှ ပူးပေါင်းပါဝင် ဆောင်ရွက်မည် ဖြစ်ပါသည်။ |

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တံတားရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျေးရွာနေပြည်သူများမှ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးစားပေး စီမံချက် အဆိုပြုလွှာ (၃)**

| | |
|---|---|
| ကျေးရွာ | - ရွာမကျေးရွာ |
| ကျေးရွာအုပ်စု | - ရွာမကျေးရွာအုပ်စု |
| မြို့နယ် | - သရက်မြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - မကွေးတိုင်းဒေသကြီး |

**စီမံချက်အမည် -** ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း (၄၀ ’ × ၂၀ ’ )

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ရွာမကျေးရွာ မူလတန်းကျောင်းတွင် ဝန်ထမ်းအိမ်ရာမရှိသဖြင့် ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်လျှက်ရှိသော ပညာရေးဝန်ထမ်းများအနေဖြင့် နေထိုင်ရေးအခက်အခဲများ ကြုံတွေ့နေရသဖြင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရန် လိုအပ်လျှက်ရှိပါသည်။

**စီမံချက်ရည်ရွယ်ချက်**

ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ရသော ပညာရေးဝန်ထမ်းများ ဘေးအန္တရာယ်ကင်းကင်း လုံခြုံစိတ်ချစွာဖြင့် နေထိုင်နိုင်စေရန်။

**မျှော်မှန်း အကျိုးရလဒ်**

ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ရသော ပညာရေးဝန်ထမ်းများအားလုံး လုံခြုံစိတ်ချစွာဖြင့် နေထိုင်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**

ပေ(၄၀ ’ × ၂၀ ’ )ရှိ ဝန်ထမ်းအိမ်ရာတည်ဆောက်သွားမည်ဖြစ်ပါသည်။

| **ကုန်ကျစရိတ်ထည့်ဝင်မှု** – သက်ဆိုင်ရာဦးစီးဌာနအား ရန်ပုံငွေတင်ပြတောင်းခံရန် | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| | • သက်ဆိုင်ရာဦးစီးဌာန<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၃၇၃ | ၄၃၅ | ၈၀၈ | ၁၀ | ၃၈ | ၁၀၈ | ၇၆ | ၂၃၂ |
| **အကျိုးခံစားမည့် ဦးရေ** | ၃၇၃ | ၄၃၅ | ၈၀၈ | ၁၀ | ၃၈ | ၁၀၈ | ၇၆ | ၂၃၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| | |
|---|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** – | ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် သက်ဆိုင်ရာဦ:စီးဌာန |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** – | ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** – | ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် |

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**

ဝန်ထမ်းအိမ်ရာတည်ဆောက်ရန် လိုအပ်သော ရန်ပုံငွေအား သက်ဆိုင်ရာ ဦ:စီးဌာနသို့ တင်ပြတောင်းခံမည်ဖြစ်ပြီး လုပ်အားလိုအပ်ပါက ကျေးရွာမှ ပူးပေါင်းပါဝင် ဆောင်ရွက်မည် ဖြစ်ပါသည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်း ပါဝင်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဝန်ထမ်းအိမ်ရာ ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် အိမ်ရာတွင်နေထိုင်သော ဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများမှ ထိန်းသိမ်းဆောင် ရွက်သွားမည်ဖြစ်ပါသည်။